# ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လ အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု ကြုံတွေ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ




| စဉ် | ပြည်နယ်နှင့် တိုင်းဒေသကြီး | ကျူးလွန်သည့် အကြိမ်ရေ | မှတ်ချက် |
|---|---|---|---|
| ၁ | စစ်ကိုင်း | ၄၁၇ | |
| ၂ | ကချင် | ၆၉ | |
| ၃ | ရခိုင် | ၁၂ | |
| ၄ | ဧရာဝတီ | ၂၉ | |
| ၅ | ရန်ကုန် | ၆၈ | |
| ၆ | မန္တလေး | ၈၄ | |
| ၇ | နေပြည်တော် | ၈ | |
| ၈ | ကရင် | ၆၄ | |
| ၉ | မကွေး | ၉၀ | |
| ၁၀ | ပဲခူး | ၈၈ | |
| ၁၁ | မွန် | ၅၉ | |
| ၁၂ | ရှမ်း | ၅၂ | |
| ၁၃ | ချင်း | ၄၀ | |
| ၁၄ | တနင်္သာရီ | ၁၁၉ | |
| ၁၅ | ကယား | ၂၃ | |
| | စုစုပေါင်း | ၁၂၂၂ | |

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with infogram

# ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လ အတွင်း စစ်အာဏာရှင်တပ်များမှ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ




Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with infogram

# ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လ အတွင်း စစ်အာဏာရှင်တပ်များမှ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ

| စဉ် | လူ့အခွင့်အရေး ချိုးဖောက်ခဲ့သည့် နည်းလမ်းများ | အကြိမ်ရေ | မှတ်ချက် |
|---|---|---|---|
| ၁ | လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်သတ်ခြင်း | ၁၉၆ | |
| ၂ | လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ဒဏ်ရာရခြင်း | ၁၇၅ | |
| ၃ | လေကြောင်းအသုံးပြုခြင်း | ၁၂၈ | |
| ၄ | လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း | ၂၉၂ | |
| ၅ | ဗုံးကြဲတိုက်ခိုက်ခြင်း | ၇၈ | |
| ၆ | လူသားဒိုင်း ပြုလုပ်ခြင်း/ဓားစာခံအဖြစ် ဖမ်းဆီးခြင်း | ၇၀ | |
| ၇ | ဖမ်းဆီးခံရခြင်း | ၂၅၉ | |
| ၈ | ဖမ်းဆီး ညှင်းပန်းနှိပ်စက်ခံရခြင်း | ၆၆ | |
| ၉ | ဖမ်းဆီးခေါ်ဆောင်သွားခံရပြီးနောက် သေဆုံးခြင်း | ၉၆ | |
| ၁၀ | ပြည်သူများကို မီးရှို့သတ်ခြင်း | ၄၃ | |
| ၁၁ | ပြည်သူပိုင်အဆောက်အဦး/ပစ္စည်းများမီးရှို့ပျက်/ဖျက်ဆီးခြင်း | ၂၈၁ | |
| ၁၂ | ပြည်သူပိုင် အဆောက်အဦး/ပစ္စည်းများ ပျက်/ဖျက်ဆီးခြင်း | ၁၃၃ | |
| ၁၃ | ပြည်သူပိုင်ပစ္စည်းများသိမ်းယူခြင်း/ခိုးယူခြင်း | ၇၃ | |
| ၁၄ | အသက်မပြည့်သော ကလေးများဖမ်းဆီးခံရခြင်း | ၁၃ | |
| ၁၅ | အသက်မပြည့်သော ကလေးများ ထိခိုက်ခြင်း | ၄၆ | |
| ၁၆ | အသက်မပြည့်သော ကလေးများသေဆုံးခြင်း | ၄၄ | |
| ၁၇ | မြေမြှုပ်မိုင်း | ၃၆ | |
| ၁၈ | ဗုံးခွဲခြင်း | ၆ | |
| ၁၉ | အဓမ္မ ပြုကျင့်ခြင်း | ၈ | |
| ၂၀ | ငွေကြေးတောင်းခံခြင်း | ၃၀ | |
| ၂၁ | ပျူစောထီး/ ပြည်သူ့စစ် | ၁၇ | |
| ၂၂ | အာဏာပြ ခြိမ်းခြောက်ခြင်း/ အမိန့်ထုတ်ပြန်ကြော်ငြာခြင်း | ၃၁ | |
| ၂၃ | နေရပ်ဒေသ စွန့်ခွာရခြင်း | ၁၈၀ | |
| ၂၄ | ဖုန်းလိုင်း ဖြတ်တောက်ခြင်း | ၁ | |
| ၂၅ | အင်တာနက် ဖြတ်တောက်ခြင်း | [illegible] | |

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with infogram

# ၂၀၂၃ ဇန်နဝါရီလမှ ဇွန်လ အတွင်း စစ်အာဏာရှင်တပ်များမှ ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများ

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ (၆)လအတွင်း မြန်မာစစ်အာဏာရှင်တပ်မှ ပြည်နယ်နှင့် တိုင်းဒေသ ကြီး (၁၅)ခုတွင် လူ့အခွင့်အရေးချိုးဖောက်မှု (၁၂၂၂) ကြိမ် ပြုလုပ်ခဲ့သည်။ ဆိုရှယ်မီဒီယာများနှင့် သတင်းမီဒီယာများတွင် ဖော်ပြချက်များအရ လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးအစားပေါင်း (၃၀)ခု အထိ ကျူးလွန်ခဲ့သည်ကို တွေ့ရှိရသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ လူ့အခွင့်အရေး ချိုးဖောက်မှုများထဲတွင် စစ်အာဏာရှင်တပ်သားများက အရပ်သားပြည်သူများနေထိုင်ရာ နေရာများနှင့် အရပ်သားပြည်သူများကို လက်နက်ကြီးဖြင့် ပစ်ခတ်မှုကို (၂၉၂)ကြိမ်အထိ အများဆုံး ပြုလုပ်ခဲ့သည်။ ဒုတိယအနေဖြင့် စစ်အာဏာရှင်တပ်သားများ၏ မီးရှို့ဖျက်ဆီးခြင်းများကြောင့် ပြည်သူပိုင်အဆောက်အဦးနှင့် ပစ္စည်းများဆုံးရှုံးခြင်း (၂၈၁)ကြိမ် ရှိခဲ့သည်။ တတိယအနေဖြင့် စစ်အာဏာရှင်ကို နည်းလမ်းအမျိုးမျိုးဖြင့် ဆန့်ကျင်သော ပြည်သူများကို ဖမ်းဆီးခံခြင်း (၂၅၉)ကြိမ် အထိရှိခဲ့ သည်။ စစ်အာဏာရှင်တပ်က နိုင်ငံတဝန်းတွင် အရပ်သားပြည်သူများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းနှင့် ပြည်သူများနေထိုင်ရာ အဆောက်အဦးများကို လေကြောင်းအသုံးပြု ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း၊ ဗုံးကြဲခြင်းများ (၁၂၈) ကြိမ် ပြုလုပ်ခဲ့သည်။ စစ်အာဏာရှင်တပ်က အရပ်သားပစ်မှတ်ထားကာ လေကြောင်းအသုံးပြု ဗုံးကြဲ တိုက်ခိုက်မှုကြောင့် ၂၀၂၃ခုနှစ်၊ ဧပြီလ (၁၁)ရက် စစ်ကိုင်းတိုင်းဒေသကြီး ၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီး ကျေးရွာ တွင် ကလေးငယ်များ အပါအဝင် ပြည်သူ (၁၀၀) ကျော်မှာ အစုလိုက်အပြုံလိုက်သေဆုံးခဲ့သည့် ဖြစ်စဉ်မှာ အဆိုးဆုံး လူ့အခွင့်အရေး ချိုးဖောက်မှု တစ်ခုဖြစ်သည်။ စစ်အာဏာရှင်တပ်သားများက (၆)လအတွင်း ဒေသခံ အမျိုးသမီးကို အဓမ္မပြုကျင့်ကာ သတ်ဖြတ်ခြင်း (၈)ကြိမ် ပြုလုပ်ခဲ့ပြီး အမျိုးသမီး စုစုပေါင်း(၁၂)ဦး သေဆုံး ခဲ့ရသည်။ စစ်အာဏာရှင်လက်အောက်ခံ သွေးသောက်အဖွဲ့၏ ဖမ်းဆီးသတ်ဖြတ်မှုကြောင့် ရန်ကုန်တိုင်းဒေသ ကြီး (၂)ဦးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြည်သူ(၆) ဦး စုစုပေါင်း (၈)ဦး သေဆုံးခဲ့သည်။

စစ်အာဏာရှင်တပ်သားများက စစ်ကြောင်းထိုးရာ ဒေသတလျှောက်ရှိ ဒေသခံပြည်သူများကို ဖမ်းဆီး နှိပ်စက်ခြင်း၊ ပြည်သူများကို မီးရှို့ သတ်ဖြတ်ခြင်း၊ အမျိုးသမီးကို အဓမ္မပြုကျင့်ပြီး သတ်ဖြတ်ခြင်းနှင့် အရပ်သား ပြည်သူများ လူသားဒိုင်းအဖြစ် ဖမ်းဆီးကာ စစ်ကြောင်းတလျှောက် ခေါ်ဆောင်ခြင်းများ ပြုလုပ်ခဲ့သည်။ ၎င်းတို့ ၏ ရက်စက်ကြမ်းကြုပ်မှုများကြောင်း (၆)လအတွင်း အရပ်သားပြည်သူများက နေရပ်စွန့်ခွာထွက်ပြေး တိမ်း ရှောင်မှုများ (၁၈၀)ကြိမ် ပြုလုပ်ခဲ့ကြသည်။ မြန်မာစစ်တပ်က အာဏာသိမ်းခဲ့သည့် ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့မှစ၍ ယခုအချိန်အထိ စစ်အာဏာရှင်တပ်သားများက နိုင်ငံတဝန်းရှိ ပြည်သူများ အပေါ် နည်းလမ်း မျိုးစုံဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်နေဆဲဖြစ်သည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with infogram